ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**
**စာစစ်ကော်မတီ**

**ရုံးအမိန့်**

အမှတ် ။၁၃၂ ။ ရက်စွဲ၊ ၂၁ -၁၀-၂၀၂၂

အကြောင်းအရာ။ **လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်း အမှတ်စဉ် (၄၆) စာမေးပွဲအချိန်စာရင်းထုတ်ပြန်ခြင်း**

ရည်ညွှန်းချက်။ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၏

(၁) ၃-၁-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်အမှတ် ၀၀၁ နှင့် ၀၀၅

(၂) ၅-၁၀-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်အမှတ် ၁၂၄

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်း အမှတ်စဉ် (၄၆) စာမေးပွဲကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် အောက်ပါအချိန်ဇယားအတိုင်း မေးခွန်းဖတ်ချိန် (၁၅)မိနစ်အပါအဝင် ၁၁:၄၅ နာရီမှ ၁၅:၀၀ နာရီအထိ (ရုံးပိတ်ရက်များမပါ) နေ့စဉ် ကျင်းပပါမည်-

| ရက်စွဲ | ဘာသာရပ် |
|---|---|
| ၁၁-၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) | Professional Financial Accounting & External Reporting -1 |
| ၁၂-၁-၂၀၂၃ (ကြာသပတေးနေ့) | Practical Auditing -1 |
| ၁၃-၁-၂၀၂၃ (သောကြာနေ့) | Performance and Financial Management |
| ၁၆-၁-၂၀၂၃ (တနင်္လာနေ့) | Business Environment and Management |
| ၁၇-၁-၂၀၂၃ (အင်္ဂါနေ့) | Commercial and Industrial Laws |
| ၁၈-၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) | Financial and Services Regulations |

၂။ ရည်ညွှန်း(၁)နှင့် (၂)တို့ပါ သင်တန်းသားအဖြစ်မှတ်ပုံတင်ထားသူများသည် မြန်မာနိုင်ငံစာရင်းကောင်စီရုံး အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော်သင်တန်းကျောင်းတွင်လည်းကောင်း ဖြေဆိုခွင့်လျှောက်လွှာကို ဝယ်ယူ၍ **၁၄-၁၁-၂၀၂၂ နေ့မှ ၂၅-၁၁-၂၀၂၂** နေ့အတွင်း ရုံးဖွင့်ရက်များ၌ (၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအတွင်း) သင်တန်းသားတစ်ဦးလျှင် လျှောက်လွှာကြေး ကျပ် ၁,၀၀၀ နှင့် စာမေးပွဲကြေး ကျပ် ၁၀,၀၀၀ စုစုပေါင်း ကျပ် ၁၁,၀၀၀ ပေးသွင်းပြီး ယင်းငွေရပြေစာမူရင်း၊ **လိုင်စင်ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)**နှင့်အတူ လျှောက်လွှာတင်သွင်းရမည်။

၃။ ရည်ညွှန်း(၂)ပါ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်တန်းသားအဖြစ်မှတ်ပုံတင်ထားသူများသည် သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် လျှောက်လွှာဝယ်ယူပြီး သတ်မှတ်ထားသည့် စာမေးပွဲကြေးပေးသွင်း၍ အပိုဒ်(၂)ပါသတ်မှတ်ရက်အတွင်း ယင်းကျောင်းမှတစ်ဆင့်လျှောက်လွှာတင်သွင်းရမည်။

၄။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများသည် မိမိတို့ကျောင်းများတွင် မှတ်ပုံတင်ထားသည့်သင်တန်းသားများ၏ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ရည်ညွှန်း(၂)ပါရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့နှင့် စိစစ်လက်ခံ၍ ဖြေဆိုခွင့်လျှောက်လွှာများ၊ လိုင်စင်ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ စာဖြေဌာနအလိုက်စာရင်းချုပ်ဇယား (Hard Copy + Soft Copy)၊ စာမေးပွဲကြေး တစ်ဦးလျှင် ကျပ် ၁၀,၀၀၀ နှုန်းတို့နှင့်အတူ ၃၀-၁၁-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ ပေးပို့ရန် ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရသူများစာရင်းနှင့် ဖြေဆိုရမည့်နေရာများစာရင်းတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်နှင့် နေပြည်တော်သင်တန်းကျောင်း(ကြော်ငြာသင်ပုန်း)နှင့် ၎င်းရုံး Website: https://www.oagmac.gov.mm/my/mac-announcement တို့တွင် ထုတ်ပြန်ထားပါမည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅-၁-၂၀၂၃ နေ့မှ ၁၀-၁-၂၀၂၃ နေ့အတွင်း ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ထုတ်ပေးပါသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ လျှောက်လွှာတင်သွင်းထားသူများမှအပ နေပြည်တော်စာဖြေဌာနတွင် ဖြေဆိုမည့်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်သင်တန်းကျောင်းတွင်လည်းကောင်း၊ ရန်ကုန်စာဖြေဌာနတွင် ဖြေဆိုမည့်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းတွင်လည်းကောင်း ထုတ်ယူရပါမည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ လျှောက်လွှာတင်သွင်းသူများအား သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများမှ ထုတ်ပေးပါမည်။ **စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင်(လုံးဝ)ထုတ်ပေးမည်မဟုတ်ပါကြောင်းနှင့်** စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းမရှိသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

အမိန့်အရ

21/10/2022

(ကေသီစိန်)
အတွင်းရေးမှူး

စာအမှတ်၊ မစက/၄၀၄/(ဂဂ၉/၂၀၂၂)
ရက်စွဲ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
ဒုတိယညွှန်ကြားရေးမှူး (ရန်ကုန်/နေပြည်တော်သင်တန်းကျောင်း)

သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ (စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ စာဖြေဌာန အလိုက် စာရင်းချုပ်ဇယားတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပူးတွဲပေးပို့ပါသည်။)
ကြော်ငြာသင်ပုန်း(ရန်ကုန်သင်တန်းကျောင်း ၊ နေပြည်တော်သင်တန်းကျောင်း)

**မိတ္တူ**

ရုံးအမိန့်ဖိုင်
ရုံးလက်ခံ
မျှော

မြန်မာနိုင်ငံစာရင်းကောင်စီ

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)သင်တန်းအမှတ်စဉ် (၄၆ ) စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ

(၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ )

ဖြေဆိုမည့်စာဖြေဌာန(ရန်ကုန်/နေပြည်တော်) ____________

ဓါတ်ပုံ

၁။ အမည် (မြန်မာ/အင်္ဂလိပ်) ____________________________

၂။ အဘအမည် (မြန်မာ/အင်္ဂလိပ်) ____________________________

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ____________________________

၄။ သင်တန်းသားကိုယ်ပိုင်အမှတ် ____________________________

၅။ မွေးသက္ကရာဇ် ____________________________

၆။ ဆက်သွယ်ရန်လိပ်စာ ____________________________

၇။ ဖုန်းနံပါတ် ____________________________

၈။ သင်တန်းတက်ရောက်သည့်နေရာ (မလိုသည်ကိုဖျက်ရန်) စာရင်းကောင်စီ/ကိုယ်ပိုင်သင်တန်းကျောင်း/ကိုယ်တိုင်လေ့လာသူ

၉။ ကိုယ်ပိုင်သင်တန်းကျောင်းအမည် ____________________________

၁၀။ စာမေးပွဲပြန်လည်ဖြေဆိုသူများဖြည့်သွင်းရန်

(က)နောက်ဆုံးဖြေဆိုခဲ့သည့်စာမေးပွဲအမှတ်စဉ် _______ ကျင်းပသည့် ခုနှစ်/လ _________

(ခ)အဆိုပါစာမေးပွဲတွင်အောင်မြင်ခဲ့သည့် Module ရှိပါက ဆိုင်ရာအကွက်တွင် (✓) အမှတ်အသားပြုရန်

☐ Module 1 ☐ Module 2

(ဂ)ယခုဖြေဆိုမည့် Module

☐ Module 1

☐ Module 2

☐ All Modules

၁၁။ စာမေးပွဲကြေးပေးသွင်းပြီးသည့် ပြေစာအမှတ် ____________ / ရက်စွဲ ___________

အထက်ဖော်ပြပါအချက်များအားလုံးမှန်ကန်ကြောင်းဝန်ခံပါသည်။

ရက်စွဲ _____________

(လျှောက်ထားသူလက်မှတ်)